ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင်မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း

၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ပူးတွဲဖော်ပြပါ ကုန်စည်များတွင် အောက်ပါအချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည် -

(က) သုံးစွဲပုံအညွှန်း၊

(ခ) ထားသိုသိမ်းဆည်းပုံအညွှန်း၊

(ဂ) ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊

(ဃ) ဘေးထွက်ဆိုးကျိုး၊

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ ၆ လ ပြည့်မြောက်သည့်နေ့တွင် စတင် အာဏာသက်ရောက်စေရမည်။

၄။ အပိုဒ် ၂ ပါအချက်ကို လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူခြင်းခံရမည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

စာအမှတ်၊ စသရ (ဗဟို) / ၂၀၁၈-၂၀၁၉ (၀၉၅၈ )

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၂၆ ရက်

## စားသုံးသူအားကောင်းလုံခြုံရေးအတွက် ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် ဦးစားပေးကုန်စည်များ

| စဉ် | ဦးစားပေးကုန်စည်များ | ကုန်စည်အမျိုးအစားများ |
|---|---|---|
| (က) | အစားအသောက်များ | အချိုရည်နှင့်ယိုမျိုးစုံ၊ နို့နှင့်နို့ထွက် ပစ္စည်းအမျိုးမျိုး၊ အသားနှင့် အသားထွက်ပစ္စည်းအမျိုးမျိုး၊ ဥနှင့်ဥထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲ ခြောက်ထုပ်အမျိုးမျိုး၊ အရန်သင့် အစားအစာအမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ ဟင်းလျာများတွင် အရောင်အနံ့အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ ဂျုတ်ဆီနှင့်အချဉ်ရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးအာဟာရ ဖြည့်စွက်စာအမျိုးမျိုး၊ ကွမ်းစားဆေးအမျိုးမျိုး၊ ဆေးလိပ်အမျိုးမျိုး၊ ယမကာအမျိုးမျိုး၊ အခြားပြုပြင်ထုပ်ပိုး/ ထုတ်လုပ်ထားသော စားသောက်ကုန် အမျိုးမျိုး။ |
| ( ခ ) | အိမ်သုံးပစ္စည်းများ | အိမ်သုံးလျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး။ |
| ( ဂ ) | ကလေးအသုံးအဆောင်ပစ္စည်းများ | ကလေးလက်တွန်းလှည်း၊ ကလေးလမ်းလျှောက်ကွင်း၊ ကလေး ကစားစရာအရုပ်နှင့်ပစ္စည်းအမျိုးမျိုး၊ ကလေးပုခက်အမျိုးမျိုး၊ ကလေး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းအမျိုးမျိုး။ |
| (ဃ) | ဆက်သွယ်ရေးသုံးပစ္စည်းများ | ကြိုးဖုန်း(သို့မဟုတ်) ကြိုးမဲ့ဖုန်းအမျိုးမျိုး၊လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး။ |
| ( င ) | ဆေးဝါးနှင့်ဖြည့်စွက်စာများ | ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးအမျိုးမျိုး (သောက်ဆေး၊ လိမ်းဆေး)၊ အာဟာရဖြည့်စွက်စာ အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုး မျိုး။ |
| ( စ ) | ဓါတုဗေဒပစ္စည်းများ | စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များတွင်အသုံးပြုသော ဓာတုပစ္စည်းအမျိုးမျိုး။ |
| (ဆ) | အလှကုန်ပစ္စည်းများ | အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်းအမျိုးမျိုး။ |
| ( ဇ ) | လူသုံးကုန်ပစ္စည်းများ | သွားတိုက်ဆေးအမျိုးမျိုး၊ဆပ်ပြာအမျိုးမျိုး (အရည်/အခဲ/အမှုန့်)။ |
| (ဈ) | လုပ်ငန်းသုံးပစ္စည်းကိရိယာများ | စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာအမျိုးမျိုး၊ ကျန်းမာရေး အထောက် အကူပြု အသုံးအဆောင်ပစ္စည်းအမျိုးမျိုး။ |

**The Government of the Republic of the Union of Myanmar**

**The Consumer Protection Central Committee**

**Notification No. 1/2018**

**The 2nd Waning of Thadingyut, 1380 M.E.**

**(26th, October, 2018)**

In exercise of the power conferred by subsection (b) of section 31 of the Consumer Protection Law, the Consumer Protection Central Committee hereby issues this notification.

**Stating in Myanmar Language or jointly in Myanmar and other Language in Production, Trade of Goods for the Safety of Consumer**

1. Entrepreneur shall need to state the usage information, fact or instruction in Myanmar language or jointly in Myanmar and other language in production, trade of goods for the safety of consumer.
2. Therefore, entrepreneur shall state the following facts on the attached goods in Myanmar language or jointly in Myanmar and other language –
   - (a) usage instruction
   - (b) storage instruction
   - (c) poisonous materials and preparation
   - (d) side effect
3. This Notification shall come into force on six months after issuing date.
4. Entrepreneur who does not comply clause 2 shall be punished in accordance with the section 19 of the Consumer Protection Law.

Dr. Than Myint

Chairman

The Consumer Protection Central Committee

**Priority Goods to state in Myanmar language or jointly in Myanmar and other language for the safety of consumer**

| No. | Priority Goods | Types of Goods |
|---|---|---|
| 1. | Food | Juice and jam, Milk and dairies, Meat and dairies, Egg and dairies, cans, cooking oil, instant coffee and tea, instant noodle, instant food, frozen food, drinking water, spice, sauces, snacks, baby food supplement, betel products, cigarette, liqueur, other various packed food. |
| 2. | Household Products | Electric and electronic products for home used. |
| 3. | Baby Products | Strollers, baby walkers, toys, cribs, baby skin care product. |
| 4. | Communication Devices | Telephone or wireless phone, hand phone and accessories. |
| 5. | Drugs and Supplement | Household medicines which do not require doctor's instruction (drug, liniment), food supplement, traditional medicine. |
| 6. | Chemical Products | Fertilizer, pesticide, chemical used in food, commodity, cosmetics. |
| 7. | Cosmetics | Cosmetics, hair care products. |
| 8. | Commodities | Toothpaste, soap (liquid, solid, powder) |
| 9. | Commercial equipment | Agricultural machineries, fitness equipment |